# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 27, 2020 | Volume 30, Number 13


## ဆေးဝါးနှင့်စားသုံးကုန်ပစ္စည်းများအပေါ် လိုအပ်သည်များဆောင်ရွက်စေမည့် အမိန့်ထုတ်ပြန်ခွင့်ကို စီးပွားကူးသန်းဝန်ကြီးဌာနသို့အပ်နှင်း

ဆေးဝါးနှင့်စားသုံးကုန်ပစ္စည်းများအပေါ် တားမြစ်မိန့်အပါအဝင် လိုအပ်သည်များ ဆောင်ရွက်စေမည့် အမိန့်ထုတ်ပြန်ခွင့်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ပြည်ထောင်စုအစိုးရအဖွဲ့က အပ်နှင်းထားကြောင်း စီမံကိန်း၊ ဘဏ္ဍာ ရေးနှင့်စက်မှုဝန်ကြီးဌာနက ဧပြီစာတုတ္ထပတ်တွင်ထုတ်ပြန်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့သည် အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်ရေး နှင့်ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပစ္စည်း၊ ဆေးဝါးနှင့်စားသုံးကုန် ပစ္စည်းများနှင့်စပ်လျဉ်းသော တားမြစ်မိန့်၊ စည်းမျဉ်းသတ်မှတ်မိန့်၊ ကြီးကြပ်မိန့်၊ ကာကွယ်မိန့်နှင့် လိုအပ်သည်များဆောင်ရွက်စေလိုသည့် အမိန့်ထုတ်ပြန်ခွင့် ကို စီးပွားကူးသန်းဝန်ကြီးဌာနသို့ အပ်နှင်းခဲ့ခြင်းဖြစ်သည်။ "အဓိကကတော့ အရေးကြီးကုန်စည်ဝန်ဆောင်မှုဥပဒေအရ ကုန်ဈေးနှုန်းကိစ္စတွေမှာထိန်းချုပ်ဖို့ အတွက် အဓိကထုတ်တာပေါ့။ မလိုအပ်ဘဲ ကုန်ဈေးနှုန်း တစ်ခုက အရမ်းကြီး ထိုးတက် သွားရင် အရေးယူလို့ရအောင် ထုတ်လိုက်တာပေါ့။ ကုန်ပစ္စည်းတစ်ခုချင်းမှာ ဈေးနှုန်း သတ်မှတ်တာတော့မရှိဘူး။ ခုနကပြောတဲ့ မတရားကြီးဖြစ်လာမယ်ဆိုရင် အရေးယူ ရမယ်။ နောက်ဈေးကစားဖို့ သိုလှောင်တာတွေ၊ ဖြန့်ဖြူးတာတွေ၊ လက်ဝယ် ထားတာတွေ လုပ်မယ်ဆိုလည်း အရေးယူနိုင်အောင်"ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။

ယင်းနောက် COVID-19 နှင့်စပ်လျဉ်း၍ ကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူးသူများအား စီးပွားကူးသန်းဝန်ကြီးဌာနက အသိပေး ထုတ်ပြန်ထားသည်။ လက်ရှိဖြစ် ပေါ်နေသော COVID-19 အခြေအနေအရ ပြည်တွင်းဈေးကွက် အတွင်း အခြေခံစားသောက်ကုန်နှင့် မရှိမဖြစ်လူသုံးကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး အတွက် တိုင်းနှင့်ပြည်နယ်အသီးသီးတွင် လက်လီဆိုင်များအပါအဝင် ဈေးများကို ဖွင့်ခွင့်ပြုထားပြီး ကုန်စည်စီးဆင်းမှုအဆင်ပြေရန် ယာဉ်၊ လူပုဂ္ဂိုလ်များကို သတ်မှတ် ချက်နှင့်အညီ သွားလာခွင့်ပြုထားကြောင်း ဧပြီ ၂၄ ရက်က အသိပေးချက်တွင် ဖော်ပြထားသည်။

ယင်းအပြင် ကုန်ပစ္စည်းပြတ်လပ်မှုနှင့် ကုန်ဈေးနှုန်းကြီးမြင့်မှု မဖြစ်ပေါ်စေရေး အတွက် အခြေခံ စားသောက်ကုန်နှင့်လူသုံးကုန်များ ဖြန့်ဖြူးရောင်းချပေးခြင်း ကို တားမြစ်ကန့်သတ်ထားခြင်းမရှိသဖြင့် ကုန်ပစ္စည်းထုတ်လုပ်မှု (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စံသတ်မှတ်ချက်နှင့်အညီ စစ်ဆေးမှုခံယူပြီးသော) ဖြန့်ဖြူး

### ၂၇.၄.၂၀၂၀

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၄ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၂၀/- ကျပ် |
| CBM Rate | = ၁၄၁၇.၇ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၈.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၉.၀၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၂.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၂၂.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၄.၈၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၀.၁၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၆၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၅.၅၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၃၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၆၃၅ ကျပ် |

Source: CBM Rate, etrademyanmar.com


### CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ရောင်းချသူ၊ ပို့ဆောင်ဖြန့်ဖြူးသူ၊ တင်သွင်းရောင်းချသူများအနေဖြင့်လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ကြရန် အသိပေးထားသည်။

**Source:** https://7day.news/detail?id=184678

## တောင်ကိုရီးယားသို့ လက်ခစားစနစ်ဖြင့် ရွှေထည်လက်ဝတ်ရတနာ ပထမဆုံးအကြိမ်တင်ပို့



တောင်ကိုရီးယားနိုင်ငံသို့ လက်ခစားစနစ်ဖြင့် ရွှေထည်လက်ဝတ်ရတနာများ တင်ပို့ခွင့်ကို ပထမဆုံးအကြိမ် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောသည်။

တောင်ကိုရီးယားနိုင်ငံမှ ၁၀ ပဲရည်အမျိုးအစား ရွှေအကြမ်းထည်များတင်သွင်းပြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) တွင် ရွှေထည်များ ပြုလုပ်ခြင်းဖြစ်သည်ဟု ၎င်းကဆိုသည်။ တောင်ကိုရီးယားကုမ္ပဏီ Lemon က မြန်မာနိုင်ငံတွင် စက်ရုံတည်ထောင်ပြီး CMP (လက်ခစား) စနစ်ဖြင့်ထုတ်လုပ်သော ရွှေဖြင့်ပြုလုပ်သည့် လက်ဝတ်ရတနာအမျိုးမျိုးကို အရည်အသွေးစစ်ဆေးချိန်တွယ်ကာ တောင်ကိုရီးယားနိုင်ငံသို့ တင်ပို့ရန်ခွင့်ပြုပေးခဲ့သည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းက မေ ၂၄ ရက်တွင်ထုတ်ပြန်သည်။

ထို့အတွက် ရင်းနှီးမြှုပ်နှံမှုကော်မရှင်က လွန်ခဲ့သည့်ခြောက်လကတည်းက ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံသို့ မေပြီလအတွင်း ပြန်လည်တင်ပို့ခွင့်ရခြင်းဖြစ်သည်။ ''လက်ခစား စနစ်နဲ့ရော၊ ကိုရီးယားနိုင်ငံကို ရွှေပြန်ပို့တာရော ပထမဦးဆုံးပဲ။ ဒီလိုပြန်ပို့ဖို့တော်တော် အချိန်ပေးလိုက်ရတယ်။ နောက်တစ်ခေါက်ဆိုရင်တော့ လွယ်သွားမှာပါ''ဟု ဦးမျိုးမြင့်က ပြောသည်။ ထိုသို့ ရွှေတင်ပို့ခြင်းကို One Stop Service စင်တာမှတစ်ဆင့် ဆောင်ရွက်ရခြင်းဖြစ်သည်။ One Stop Service စင်တာသည် နိုင်ငံအတွင်း ရွှေတင်ပို့၊ တင်သွင်းခြင်း စစ်ဆေးဆောင်ရွက်ပြီး တစ်နေရာတည်း၌ ခွင့်ပြုပေးမည့်နေရာဖြစ်ကာ လုပ်ငန်းရှင်များထံမှ ဝန်ဆောင်ခကောက်ယူမည်ဟု ရွှေလုပ်ငန်းရှင်အသင်းကကြေညာသည်။

**Source:** https://7day.news/detail?id=184677

## သွားလာရေးအခက်အခဲကြောင့် မန္တလေးတွင်ကြက်သားရှားလာနိုင်

COVID-19 ကြောင့် အသွားအလာကန့်သတ်ချက်များကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း အသားစားကြက်မွေးမြူမှုနည်းလာပြီး ကြက်သား ရှားပါးမှုဖြစ်လာနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌဒေါက်တာကျော်ထင်ကပြောသည်။"တိုင်းနဲ့ ပြည်နယ်အလိုက် ထုတ်ထားတဲ့ စည်းကမ်းချက်တွေ မတူတဲ့အပြင် မြို့နယ်၊ ကျေးရွာအချို့က ကိုယ့်သဘောနဲ့ကိုယ် ဝင်ထွက်သွားလာမှုတွေပိတ်တဲ့အတွက် အသားစားကြက်မွေးမြူသူတွေက လမ်းပိတ်ဆို့မှုတွေဖြစ်မှာစိုးပြီး ကြက်တွေထပ်မမွေးကြတော့ဘူး၊ ဒီအတိုင်း နှစ်လလောက်ဆိုရင် အသားတွေရှားလာပြီးဈေးတွေလည်းတက်လာနိုင်တယ်"ဟု ၎င်းကပြောသည်။




ယခုအခါမွေးမြူသူများက ကြက်ပေါက်များ ထည့်သွင်းမွေးမြူမှုကို တဖြည်းဖြည်းလျှော့ချလာကြကြောင်း၊ ရက်ပိုင်းအတွင်း မသိသာသေးသော်လည်း တစ်လကျော်လာလျှင် ကြက်သားရှားပါးပြီး ဈေးကြီးလာနိုင်ကြောင်းသိရသည်။ "ဥစားကြက်က တစ်နှစ်မှတစ်ကြိမ်လောက်ထည့်ရင်ရတယ်။ အသားစားကြက်ကြတော့ အဲလိုမဟုတ်ဘူး။ ၄၅ ရက်မှာ တခါမဖြစ်မနေထည့်ရတာမျိုးဖြစ်တယ်။ တချို့နေရာတွေက တိုင်းအစိုးရညွှန်ကြားချက်လည်း မရှိပဲ ကိုယ်သဘောနဲ့ကိုယ်ပိတ်ကြတော့ အခက်အခဲတွေဖြစ်နေတယ်။ ဒါတွေကို သက်ဆိုင်ရာတိုင်းနဲ့ ပြည်နယ်အစိုးရအနေနဲ့ ထိန်းပေးစေချင်တယ်"ဟု ဒေါက်တာကျော်ထင်က ဆက်လက်ပြောသည်။

လက်ရှိတွင် မန္တလေးတိုင်းဒေသကြီးအတွင်း အသားစားကြက် ခြံဖမ်းဈေးနှုန်းမှာ တစ်ပိဿာလျှင် ၂၅၀၀ ကျပ်ခန့်သာရှိပြီး တွက်ခြေမကိုက်သည့်အတွက်ကြောင့်လည်း မွေးမြူမှုလျော့နည်းလာခြင်းဖြစ်ကြောင်းသိရသည်။ အသားစားကြက်သား ဈေးနှုန်း အပြောင်းအလဲရှိနိုင်သော်လည်း ကြက်ဥဈေးနှုန်းမှာ သိသိသာသာ ပြောင်းလဲမှုနှင့်ရှားပါးမှုတို့မရှိနိုင်ကြောင်း မွေးမြူသူများကပြောသည်။ ကြက်ဥ၊ ကြက်သားနှင့်ပက်သက်ကာ အခက်အခဲများဖြစ်ပေါ်လာလျှင် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်က စားသုံးသူများအဆင်ပြေစေရန် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းကာဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/9156822

## လက်ရှိဘဏ္ဍာနှစ် ခြောက်လကျော်တွင် စက်မှုကုန်ချော CMP တင်ပို့မှု ဒေါ်လာ ၅ ဒသမ ၂ ဘီလျံကျော်ရှိပြီး စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ရာခိုင်နှုန်း ၅၀ ကျော်ရှိ



လက်ရှိဘဏ္ဍာနှစ် ခြောက်လကျော်တွင် ပြည်ပသို့ စက်မှုကုန်ချော CMP တင်ပို့မှု ဒေါ်လာ ၅ ဒသမ ၂ ဘီလျံကျော်ရှိပြီး စုစုပေါင်း ပို့ကုန် ပမာဏ၏ ရာခိုင်နှုန်း ၅၀ ကျော်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ လက်ရှိဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဧပြီ ၃ ရက်အထိ ပြည်ပသို့စက်မှုကုန်ချော CMP တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၄၉ ဘီလျံအထိ တင်ပို့ထားသည်။ ယခင်နှစ်ကာလတူတွင်မူ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၆၅ ဘီလျံသာ တင်ပို့ထားသည်။

ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ခြောက်လကျော်၌ စက်မှုကုန်ချော CMP တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၂၈၃ ဒသမ ၇၁၃ သန်းအထိ ပိုမိုတင်ပို့ထားသည်။ အဆိုပါကာလ အတွင်း ပြည်ပသို့စုစုပေါင်းပို့ကုန်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၂၈ ဘီလျံကျော်ရှိသည်။ လက်ရှိ ဘဏ္ဍာနှစ် ခြောက်လကျော်တွင် တင်ပို့ထားသည့် စက်မှုကုန်ချော CMP ပမာဏသည် စုစုပေါင်းပို့ကုန်တင်ပို့မှု၏ ၅၅ ဒသမ ၆၇ ရာခိုင်နှုန်း အထိရှိသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို အဓိကအားဖြင့် CMP လက်ခစားစနစ်ဖြင့် လုပ်ကိုင်နေခြင်း ဖြစ်ပြီး ဖိနပ်ချုပ်လုပ်ငန်း၊ အိတ်ချုပ်လုပ်ငန်း စသည်တို့အပြင် အခြားသောလုပ်ငန်းများကိုလည်း CMP စနစ်ဖြင့် လုပ်ကိုင်နေခြင်းဖြစ်သည်။ CMP စနစ်ဆိုသည်မှာ ပြည်ပမှ ကုန်ကြမ်းတင်သွင်းပြီး ပြည်တွင်း၌ ကုန်ချောထုတ်လုပ်ကာ ပြည်ပသို့ပြန်လည်တင်ပို့သည့်လုပ်ငန်းဖြစ်သည်။ ယင်း CMP စနစ်ဖြင့် ဆောင်ရွက်နေသည့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများသည် ပြည်ပမှအထည်အလိပ်ကုန်ကြမ်းများ တင်သွင်း၍ ပြည်တွင်းအထည်ချုပ်စက်ရုံများ၌ ပြန်လည်ထုတ်လုပ်သည့် လုပ်ငန်းအမျိုးအစားဖြစ်သည်။ ပြည်တွင်းအထည်ချုပ်လုပ်ငန်းများသည် CMP စနစ်ဖြင့်သာ ဆောင်ရွက်နေရသည့်အတွက် ပြည်တွင်း၌ချုပ်လုပ်ပြီး ထွက်ရှိလာသည့် အဝတ်အထည်တန်ဖိုး၏ ၁၀ ရာခိုင်နှုန်းဝန်းကျင်ကိုသာ ချုပ်ခအနေဖြင့်ရရှိခြင်းဖြစ်သည်။

မြန်မာ့အထည်ချုပ်လုပ်ငန်းများမှာ CMP လက်ခစားစနစ်ဖြင့် ချုပ်ထည်များတင်ပို့နေခြင်းဖြစ်ရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ဒေါ်လာတစ်ဘီလျံရှိရာမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဒေါ်လာသုံးဘီလျံအထိ ပို့ကုန်တင်ပို့မှုတန်ဖိုး တိုးတက်လာသဖြင့် ငါးနှစ်အတွင်း ပို့ကုန်သုံးဆတိုးမြှင့်နိုင်ခဲ့ခြင်းဖြစ်သည်။ CMP လုပ်ငန်းများ၏ ဆွေးနွေးချက်များအရ လက်ရှိမြန်မာနိုင်ငံတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေသောစက်ရုံများသည် တရုတ်နိုင်ငံမှလာသော ကုန်ကြမ်းကို အဓိကမှီခိုအားကိုး၍ စက်ရုံလည်ပတ်နေရခြင်းဖြစ်သည်။ တရုတ်နိုင်ငံတွင်ဖြစ်ပွားနေသည့် ကိုရိုနာဗိုင်းရပ်စ်ကြောင့် တရုတ်နိုင်ငံဘက်မှ ကုန်ကြမ်းများဝင်ရောက်မှု ရပ်တန့်လျက်ရှိကြောင်းသိရသည်။

Source: https://news-eleven.com/article/170790

## မတ်ပဲနှင့်ပဲစင်းငုံ ဈေးအနည်းငယ်တက်

သင်္ကြန်ပိတ်ရက်အပြီး ပြည်တွင်းပဲဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံဈေးအနည်းငယ်တက်ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့်နှမ်းကုန်သည်အသင်းအတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ မေလကစတင်ပြီး မတ်ပဲတန် လေးသိန်း၊ ပဲစင်းငုံတန် လေးသိန်း

အိန္ဒိယအစိုးရက ပြည်ပမှတင်သွင်းရန်ခွင့်ပြုထားပြီး မတ်ပဲကို မြန်မာနိုင်ငံမှသာတင်သွင်းရမည်ဖြစ်သည်။ အိန္ဒိယအစိုးရ၏ ပဲတင်သွင်းမည့် အစီအစဉ်ကို ၂၀၂၀ မေလမှ ၂၀၂၁ မတ်လအထိ သတ်မှတ်ထားခြင်းကြောင့် လက်ရှိတွင် အိန္ဒိယကုန်သည်များက အချိန်ယူ၍ဝယ်ယူနေသည်။ COVID-19 ရောဂါကို နှစ်နိုင်ငံစလုံးတွင်ကြုံနေရသဖြင့် အဝယ်အေးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် ပဲအသစ်ပေါ်ချိန် ဖေဖော်ဝါရီလကုန်ပိုင်းက မတ်ပဲတစ်တန်လျှင်ကျပ် ၁၀ သိန်းအထက် ဈေးဖွင့်ခဲ့သည်။ ထို့နောက် ဈေးပြန်လည်ကျဆင်းပြီး သင်္ကြန်မတိုင်မီတွင် မတ်ပဲတစ် တန် ၉၇၀,၀၀၀၊ ပဲစင်းငုံတစ်တန်လျှင် ၇၉၅,၀၀၀ ဈေးဖွင့်သည်။ လက်ရှိ ပြည်တွင်းဈေးကွက်တွင် မတ်ပဲတစ်တန်လျှင် ၉၈၅,၀၀၀ ကျပ်နှင့် ပဲစင်းငုံတစ် တန်လျှင် ၈၁၀,၀၀၀ ကျပ် ဈေးဖွင့်သည်။ ထို့ကြောင့် အိန္ဒိယဈေး ကွက်သို့ တင်ပို့နေသော မတ်ပဲနှင့် ပဲစင်းငုံဈေးသည် ပျမ်းမျှတစ်တန်လျှင် ကျပ် ၁၅,၀၀၀ ဈေးပြန်တက်လာကြောင်း ဦးမင်းကိုဦးကပြောသည်။ "ဈေးကတော့ နည်းနည်းပြန်တက်တယ်။ COVID ရောဂါတွေ ဖြစ်နေတော့ လုပ်ရကိုင်ရတော့ ခက်တာပေါ့"ဟု ဦးမင်းကိုဦးက ပြောသည်။ ပြည်တွင်းပဲသန့်စင် စက်ရုံများသည် ကျန်းမာရေးထောက်ခံချက် ရရှိမှသာ ဖွင့်လှစ် နိုင်မည်ဖြစ်သောကြောင့် နှစ်နိုင်ငံ ကုန်သွယ်ရေးလုပ်ကိုင်ရန် အခက်အခဲများရှိနေသည်ဟု ၎င်းကဆိုသည်။

ယခုဘဏ္ဍာနှစ် ခြောက်လကျော်တွင် မြန်မာနိုင်ငံမှပြည်ပသို့ ပဲမျိုးစုံတန်ချိန် ရှစ်သိန်းခွဲတင်ပို့ထားသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် တန်ချိန်နှစ်သောင်းလျော့နည်းသွားသော်လည်း အမေရိကန်ဒေါ်လာသန်း ၁၀၀ နီးပါးပိုရထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ ယခုဘဏ္ဍာနှစ် ခြောက်လကျော်တွင် ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ ဒေါ်လာသန်း ၆၀၀ ကျော်ရရှိထားသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက ဒေါ်လာသန်း ၅၀၀ သာရရှိခဲ့သည်။

**Source:** https://7day.news/detail?id=184676

## မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍခြောက်ခု၌ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၂၉၀ ကျော်တန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈ ခု ထပ်မံခွင့်ပြုခဲ့ပြီး စက်မှုကဏ္ဍတွင် လုပ်ငန်း ၁၃ ခုအထိ အများဆုံးခွင့်ပြု




မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍခြောက်ခု၌ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာသန်း ၂၉၀ ကျော်တန်ဖိုးရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈ ခုကို ထပ်မံခွင့်ပြု/ အတည်ပြုပေးခဲ့ပြီး စက်မှုကဏ္ဍတွင် လုပ်ငန်း ၁၃ ခုအထိ အများဆုံးခွင့်ပြုခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် (MIC) မှ ထုတ်ပြန်ထားသည်။ ဧပြီ ၃ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၀)တွင် ခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။ အဆိုပါအစည်းအဝေးတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအဆိုပြုလုပ်ငန်း ခြောက်ခု၊ အတည်ပြုလုပ်ငန်း ၁၂ ခု စုစုပေါင်း ၁၈ ခုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ ဟိုတယ်ကဏ္ဍတွင် လုပ်ငန်းတစ်ခု၊ လယ်ယာကဏ္ဍတွင် လုပ်ငန်းတစ်ခု၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် လုပ်ငန်းတစ်ခု၊ အခြားကဏ္ဍတွင် လုပ်ငန်းနှစ်ခုနှင့်စက်မှုကဏ္ဍတွင် လုပ်ငန်း ၁၃ ခု စုစုပေါင်း စီးပွားရေးကဏ္ဍခြောက်ခုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈ ခု ခွင့်ပြု/အတည်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ခွင့်ပြု/ အတည်ပြုပေးခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၈ ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၉၄ ဒသမ ၅၄၅ သန်းအထိရှိသည်။ ယင်းကဲ့သို့ ခွင့်ပြု/ အတည်ပြုပေးရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း ခြောက်ခုနှင့် အတည်ပြုလုပ်ငန်းတစ်ခု၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း ကိုးခု၊ ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခုနှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီမှ အတည်ပြုလုပ်ငန်းတစ်ခု ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဧပြီ ၃ ရက်အထိ ခြောက်လကျော်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံလုပ်ငန်း ၁၅၄ ခုသည် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅၉ ဘီလျံအထိရှိသည်။ ယင်းကာလအတွင်း ရင်းနှီးမြှုပ်နှံမှု

တိုးမြှင့်ခြင်းအပါဝင် ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၃ ဒသမ ၂၇၅ ဘီလျံအထိဖြစ်သည်။ အဆိုပါခြောက်လကျော်တွင် အထူးစီးပွားရေးဇုန်ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉၁ ဒသမ ၈၅၇ သန်းဖြစ်သည်။

ထို့ကြောင့် လက်ရှိဘဏ္ဍာနှစ် ခြောက်လကျော်တွင် စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၆၇ ဘီလျံအထိရှိကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။ ၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် မတ်လအကုန်အထိ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ အိမ်ခြံမြေကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းထွက်လုပ်ငန်းကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ လယ်ယာကဏ္ဍ၊ စက်မှုဇုန် ကဏ္ဍ၊ ဆောက်လုပ်ရေးနှင့်အခြားဝန်ဆောင်မှုကဏ္ဍစသည့် စီးပွားရေးလုပ်ငန်း ကဏ္ဍ ၁၂ ခု၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ အဓိကဝင်ရောက်ထားခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အရေအတွက်အနေဖြင့် ၁၆၇၆ ခုနှင့် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၅၆၃ ဘီလျံအပါအဝင် ငွေကျပ် ၂၀၂၃၂ ဒသမ ၇၂၀ ဘီလျံအထိ မြှုပ်နှံခွင့်ပြုထားကြောင်းသိရသည်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးစီမံကိန်းကို ကာလတို ငါးနှစ် (၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁ အထိ)၊ ကာလလတ် ငါးနှစ် (၂၀၂၁-၂၀၂၂ ခုနှစ်မှ ၂၀၂၅-၂၀၂၆ အထိ)၊ ကာလရှည် ၁၀ နှစ် (၂၀၂၆-၂၀၂၇ ခုနှစ်မှ ၂၀၃၅-၂၀၃၆ အထိ) အသီးသီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/170699

## မုံရွာကုန်စည်ဒိုင်တွင် အွန်လိုင်းစနစ်ဖြင့်ရောင်းဝယ်မှု၌ ကုလားပဲအရောင်းသွက်နေ



COVID-19 ကြောင့် မုံရွာကုန်စည်ဒိုင် ယာယီပိတ်ထားချိန်တွင် အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ပြုလုပ်နေရာ ကုလားပဲအရောင်းအဝယ်သွက်ခြင်းနှင့်အတူ ဈေးတက်နေကြောင်း မုံရွာကုန်စည်ဒိုင်အတွင်းရေးမှူး ဦးဇော်မိုး(သလ္လာမွန်)ထံမှသိရသည်။ "မုံရွာကုန်စည်ဒိုင်အနေနဲ့ အရင်အလုပ်ဖြစ်တုန်းက တစ်ရက်ပဲအိတ်စုံ ၄၀၀၀ လောက် အရောင်းအဝယ်ဖြစ်ပေမယ့် အခု အွန်လိုင်းနဲ့က အိတ် ၁၀၀၀ ကျော် အရောင်းအဝယ်ဖြစ်နေပါတယ်။ လေးချိုးတစ်ချိုးလောက် အရောင်းအဝယ်ဖြစ်တဲ့သဘောပါ။ ကုလားပဲအုပ်စုတွေ ဈေးတက်လာတဲ့အတွက် အရောင်းအဝယ်ဖြစ်နေတာပါ။ ကုလားပဲ၊ ပဲခြမ်း၊ ပဲလုံးတွေရောင်းရသလို ကြာဆန်ပဲတွေလည်းရောင်းရတယ်။ ဈေးနှုန်းက သင်္ကြန်မတိုင်ခင်ကထက် တစ်အိတ် ၂၀၀၀ လောက်တက်သွားတယ်။ ဒီနှစ်ဈေးနှုန်း အတက်စောတယ်။ အရင်က ကုလားပဲတစ်တင်းအိတ်တစ်အိတ် ကျပ် ၂၄၀၀၀ လောက်ကနေ တက်ပြီးတော့ ကျပ် ၂၆၀၀၀ ဖြစ်သွားတယ်။ ပဲစင်းငုံ ဈေးလည်းတက်တယ်။ ရန်ကုန်ကတက်ပေမယ့် နိုင်ငံခြားတင်လို့ရမရ မသိသေးပါဘူး။ ဆိပ်ကမ်းတွေက အခြေအနေအရ စောင့်ကြည့်လုပ်နေရတာတွေရှိတယ်"ဟု ဦးဇော်မိုးကပြောသည်။ COVID-19 ဖြစ်နေသည့်အတွက် တချို့ကျေးရွာများတွင် အဝင်အထွက်ကို စိစစ်ခြင်းများရှိသည့်အတွက် ပဲအပါအဝင် အခြားသီးနှံကုန်စည်များ မုံရွာမြို့သို့အဝင်နည်းနေကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/138579.html

## မိုင်းယောင်း၌ ဝယ်လိုအားကောင်းမွန်မှုကြောင့် ကြက်ဥ၊ ကြက်သွန်နီ၊ အာလူးနှင့်ခရမ်းချဉ်သီးများ ရောင်းအားကောင်း

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်း၌ ကြက်ဥ၊ ကြက်သွန်နီ၊ အာလူးနှင့် ခရမ်းချဉ်သီးများ ရောင်းအား ကောင်းနေလျက်ရှိကြောင်း အခြေခံစားကုန်ပစ္စည်း ရောင်းဝယ်သူများထံမှသိရသည်။ အဆိုပါစားသုံးကုန်များမှာ ပြီးခဲ့သည့် မတ်လကုန်ပိုင်းက ကိုဗစ်-၁၉ ရောဂါ ဂယက်ကြောင့် ကြက်ဥတစ်ကတ်လျှင် ငွေကျပ် ၃၅၀၀ နှုန်းနှင့် ကြက်သွန်နီ

တစ်အိတ် (၁၀ ပိဿာ) လျှင် ငွေကျပ် ၁၃၀၀၀ နှုန်းဈေးဖြစ်ပြီး ယခုဧပြီလဆန်းပိုင်းတွင် အာလူးကို ဒေသခံပြည်သူများ ဝယ်ယူမှုများလာကြောင့် ဈေးကွက်အတွင်းတစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀ နှုန်းအထိလည်းကောင်း၊ ခရမ်းချဉ်သီးကို တစ်ကီလိုလျှင် ငွေကျပ် ၁၀၀၀ နှုန်းအထိလည်းကောင်း ဒေသပေါက်ဈေးများ အသီးသီးရှိကြောင်းသိရသည်။

"ဒီနှစ်ပိုင်းမှာ ကြက်ဥနဲ့ အာလူးတွေက ကိုဗစ်-၁၉ ရောဂါယက်ကြောင့် အခုလိုမျှော်လင့်ဘဲ ရုတ်တရက်ကြီး ရောင်းအား ကောင်းလာတဲ့အတွက် လက်ကျန်တွေပါ ရောင်းကောင်းကုန်ကြတယ်။ မကြာခင် မေလအတွင်းမှာလည်း နွေပဲတီစိမ်းနဲ့ စားဖိုဆောင် ဟင်းသီးဟင်းရွက်သီးနှံတွေ ဈေးကွက်ကိုဝင်လာတော့မှာပါ " ဟု အခြေခံစားသုံးကုန်ပစ္စည်း သယ်ယူရောင်းဝယ် သူတစ်ဦးကပြောသည်။ အခြေခံစားသုံးကုန်ပစ္စည်းများကို ကျိုင်းတုံ၊ တာချီလိတ်နှင့်တောင်ကြီးမြို့တို့တွင် သွားရောက်ဝယ်ယူ ကြရပြီး မိုင်းယောင်း၊ မိုင်းယုရှိ ဒေသခံပြည်သူများထံ ထပ်ဆင့် ရောင်းချပေးနေကြကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ပြည်တွင်း၌ ဈေးကွက်တည်ငြိမ်စေရေးအတွက် ကြက်သွန်နီကို ပြည်ပပို့ကုန်အဖြစ်ဆောင်ရွက်ပေးစေလို

ပြည်တွင်းထွက်ကုန်သီးနှံတစ်ခုဖြစ်သည့် ကြက်သွန်နီကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ရန်ဆောင်ရွက်ပေးခြင်းဖြင့် အထွက်နှုန်းကောင်းလာကာ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုကိုဖြစ်စေနိုင်ကြောင်း ကြက်သွန်စိုက်တောင်သူများက အကြံပြုပြော ကြားသည်။ ကြက်သွန်နီစိုက်ပျိုးမှုသည် လွန်ခဲ့သော ရှစ်နှစ်ကျော်ကာလကတည်းက နှစ်စဉ်အရှုံးနှင့်သာရင်ဆိုင် ကြုံတွေ့မှု များပြားနေသဖြင့် တစ်နှစ်ထက်တစ်နှစ် စိုက်ပျိုးမှုလျော့နည်းလာပြီး အထွက်နှုန်းလည်းကျဆင်းလာကာ ပြည်တွင်းစားသုံးရန် ပြတ်လပ်မှုအထိဖြစ်ပေါ်၍ ဈေးနှုန်းလည်းမြင့်တက်လာခြင်းဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ကန်ထောင့် ကျေးရွာမှ ကြက်သွန်စိုက်တောင်သူ ဦးကျော်မြင့်သိန်းကပြောသည်။ "ကြက်သွန် စိုက်ပျိုးရတာ ကုန်ကျစရိတ်များပါတယ်။ စပြီး စိုက်ပျိုးဖို့အတွက် ပထမနှစ်မှာမျိုးစေ့ ဖြစ်အောင်စိုက်ရတယ်။ ဒုတိယနှစ်မှာ ဒီမျိုးကိုဥဖြစ်အောင်စိုက်ပျိုးပြီး တတိယနှစ်မှာ ဒီဥတွေကိုထပ်မံ စိုက်ပျိုးမှ စားသုံးလို့ရတဲ့ကြက်သွန် အဖြစ် ဈေးကွက်ကိုရောင်းချလို့ရတာဖြစ်ပါတယ်။ ကြက်သွန်တစ်ပိဿာ ရဖို့ စိုက်ပျိုးစရိတ်က ငွေကျပ် ၉၀၀ လောက်ကုန်ကျတဲ့အတွက် ဈေးကွက်မှာ တစ်ပိဿာကို ငွေကျပ် ၁၀၀၀ ကျော်ရမှ စိုက်ပျိုးတဲ့တောင်သူတွေ အဆင်ပြေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းမှာလည်း ဈေးနှုန်းတည်ငြိမ်ပြီး တောင်သူတွေ အတွက်လည်း ဈေးကွက်ခိုင်မာမှုရှိအောင် ပြည်ပကိုတင်ပို့ရောင်းချနိုင်ဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေက စီစဉ်ပေးစေချင် ပါတယ်" ဟု ၎င်းက ပြော သည်။

ထို့အပြင် မြန်မာနိုင်ငံမှစိုက်ပျိုးထွက်ရှိသည့် ကြက်သွန်နီမှာ အခွန်ပါးပြီး မွှန်အားကောင်းသဖြင့် စားသုံးပါက အရသာ ပြည့်စုံခြင်းကြောင့် နိုင်ငံတကာနှင့်ယှဉ်၍ ဈေးကွက်ထိုးဖောက်နိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။ကြက်သွန်နီကို မိုးနှောင်းကာလဖြစ်သော မြစ်ရေကျချိန် မြေနုကျွန်းများပေါ်သည့် စက်တင်ဘာလနှင့် အောက်တိုဘာလဆန်း တွင်သာ စိုက်ပျိုး ကြပြီး ဒီဇင်ဘာလဆန်းမှစ၍ စံပြကြက်သွန်နီအသစ်များ ထွက်ပေါ်လေ့ရှိကြောင်းသိရသည်။ ကြက်သွန်နီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်အတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံက ဝယ်ယူခဲ့သည့်အတွက် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ကျော်အထိ အမြင့်ဆုံးဈေး အဖြစ်ရရှိခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်း၌ ငွေကျပ် ၁၅၀၀ မှ ငွေကျပ် ၁၆၀၀ ဝန်းကျင်တွင် ပေါက်ဈေးရှိခဲ့ကာ ယခု ကာလတွင် ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှု အခြေအနေကြောင့် ဈေးကွက်အေးစက်၍ လက်ရှိဧပြီလအတွင်း၌ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀ မှ ငွေကျပ် ၅၀၀ အတွင်းသာ ပေါက်ဈေးရှိနေကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## တရုတ်မှာ ဒစ်ဂျစ်တယ် ငွေကြေးစနစ်စတင်ဖို့ရှိ

တရုတ်အစိုးရက သူ့ရဲ့ ဒစ်ဂျစ်တယ် ငွေကြေးသစ်ကို မြို့ ၄ မြို့မှာ စတင်ကျင့်သုံးမယ့် အချိန်ကာလ သတ်မှတ်ချက်ကို ထုတ်ပြန်လိုက်ပါတယ်။ ဒီ မြို့ ၄ မြို့က အစိုးရဝန်ထမ်းတွေရဲ့ လစာတချို့တဝက်ကို လာမယ့်မေလကစပြီး ဒစ်ဂျစ်တယ် ငွေကြေးအဖြစ် စမတ်ဖုန်း အပလီကေးရှင်းကနေပေးမှာဖြစ်ပါတယ်။ ဒီလုပ်ဆောင်ချက်ဟာဆိုရင် အရေးပါတဲ့ဗဟိုဘဏ်ကြီး တခုရဲ့ ကမ္ဘာ့ပထမဆုံးသော ဒစ်ဂျစ်တယ်ငွေကြေးစနစ်တရပ်ဆီဦးတည်မယ့် သမိုင်းဝင်ဆောင်ရွက်ချက်တခုလည်းဖြစ်ပါတယ်။

ဒါဟာ ဆယ်စုနှစ်ပေါင်းများစွာ အမေရိကန်ဒေါ်လာ လည်ပတ်အသုံးပြုတဲ့စနစ်ကို ခြိမ်းခြောက်လာနိုင်တယ်လို့ ကျွမ်းကျင်သူတချို့က သုံးသပ်ကြပါတယ်။

ကမ္ဘာ့စီးပွားရေးဈေးကွက်မှာ အမေရိကန်ဒေါ်လာကို အများဆုံး အသုံးပြုနေကြတာပါ။ ၂၀၁၉ ခုနှစ်အတွင်း နိုင်ငံတကာလုပ်ငန်းတွေရဲ့ ၉၀ ရာခိုင်နှုန်းက အမေရိကန်ဒေါ်လာကို အသုံးပြုငွေကြေးလွှဲပြောင်းပေးကြပြီး တကမ္ဘာလုံး နိုင်ငံခြားငွေလဲလှယ်ရေးဘဏ် အရန်ငွေကြေး ၆၀ ရာခိုင်နှုန်းဟာလည်း အမေရိကန်ဒေါ်လာကို အသုံးပြုတာပါ။ ငွေပေးချေဖို့နဲ့ ဘဏ်အရန်ငွေကြေးအတွက် တကမ္ဘာလုံး တရုတ်ယွမ်ငွေကို အသုံးပြုနှုန်းက ၂ ရာခိုင်နှုန်းပဲရှိပါတယ်။ ကမ္ဘာ့စီးပွားရေးဈေးကွက်မှာ အမေရိကန်ဒေါ်လာကို အဓိကသုံးစွဲတဲ့အတွက် အီရန်တော်လှန်ရေးအစောင့်တပ်ကော်ပိုရေးရှင်းနဲ့ မြောက်ကိုရီးယားလို နိုင်ငံအတွက် အမေရိကန်ရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေအောက်မှာ အထိနာနေတာပါ။ ဒါကြောင့် ဆယ်စုနှစ်များစွာအတွင်း တရုတ်၊ ရုရှားနဲ့ တခြားနိုင်ငံ အတော်များများက ငွေကြေးလည်ပတ်သုံးစွဲတဲ့ စနစ်တခုကို ဖန်တီးဖို့လည်း အပြင်းအထန် ကြိုးစားနေခဲ့ကြပါတယ်။

အမေရိကန်ဒေါ်လာအစား ဒစ်ဂျစ်တယ်ငွေကြေး လည်ပတ်သုံးစွဲတဲ့နည်းပညာကို အကောင်အထည်ဖော်နိုင်ဖို့ တရုတ်နိုင်ငံက ၂၀၁၄ ခုနှစ်လောက်ကစလို့ အဓိကအမျိုးသားရေးမဟာဗျူဟာတရပ်အနေနဲ့လုပ်ဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်မှာ အမျိုးသားစီးပွားရေးစီမံကိန်းက ဘစ်ကွိုင်လို ဒစ်ဂျစ်တယ်ငွေကြေးလည်ပတ်သုံးစွဲတဲ့ BLOCKCHAIN ကွန်ရက်စနစ်ကို ထုတ်ဖော်ပြောလာတာပါ။ တရုတ်သမ္မတ Xi Jinping က ဒီစနစ်ကို အောင်မြင်အောင်လုပ်ဆောင်သွားဖို့ သူ့ရဲ့ပေါ်လစ်ဗျူရိုအဖွဲ့ကို ၂၀၁၉ အောက်တိုဘာလက တိုက်တွန်းထားခဲ့ပါတယ်။

**Source:** https://burmese.voanews.com/a/china-digital-cu…/5392374.html

## COVID-19 ကူးစက်သေဆုံးမှုအမြင့်ဆုံး အမေရိကန်မှာ စီးပွားရေးပြန်ဖွင့်

အမေရိကန်ပြည်ထောင်စုက ပြည်နယ်တချို့မှာ COVID-19 ကပ်ရောဂါကြောင့် သီတင်းပတ် အတော်ကြာပိတ်ထားတဲ့ စီးပွားရေးလုပ်ငန်းတွေကို တဖြည်းဖြည်းနဲ့ ပြန်လည်စတင်ဖွင့်ပေးနေပါတယ်။ ဒါပေမယ့်လည်း ကမ္ဘာမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အဆိုးဆုံးနိုင်ငံဖြစ်တဲ့ အမေရိကန်မှာ ရောဂါကူးစက်ခံရမှုနဲ့ သေဆုံးတဲ့ အရေအတွက် ဆက်လက်မြင့်မားနေဆဲဖြစ်တာကြောင့် လူစုလူဝေးကန့်သတ်ချက်တွေကို လျှော့ပေါ့မပေးခင် ပြင်းပြင်းထန်ထန်ပြောင်းလဲမှုတွေလုပ်ဖို့ လိုအပ်လိမ့်မယ်လို့ ကျန်းမာရေး ကျွမ်းကျင်သူတွေက သတိပေးနေပါတယ်။

အမေရိကန်ပြည်ထောင်စုအနေနဲ့ စီးပွားရေးလုပ်ငန်းတွေကို ပြန်ဖွင့်ဖို့မစခင်မှာ ရောဂါပိုးရှိမရှိ စစ်ဆေးမှုတွေကို အနည်းဆုံးနှစ်ဆတိုးမြှင့်ပြီး လုပ်ဖို့လိုအပ်လိမ့်မယ်လို့ အမေရိကန်ထိပ်တန်း ကူးစက်ရောဂါကျွမ်းကျင်သူ ဒေါက်တာ Anthony Fauci က လွန်ခဲ့တဲ့ စနေနေ့က ပြောကြားခဲ့တာပါ။ လက်ရှိ အမေရိကန်မှာ ဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၉၄၀,၀၀၀ ကျော် ရှိနေပြီး သေဆုံးသူပေါင်း ၅၄,၀၀၀ ကျော် ရှိနေပါတယ်။ စီးပွားရေးလုပ်ငန်း တစိတ်တဒေသကို စတင်ဖွင့်လှစ်ခဲ့ပြီးဖြစ်တဲ့ ပြည်နယ်တချို့ထဲမှာ ဂျော်ဂျီယာ၊ တောင်ကိုရိုလိုင်းနားနဲ့ Oklahoma စတဲ့ ပြည်နယ်တွေလည်းပါဝင်ပါတယ်။ ကိုလိုရာဒါပြည်နယ်မှာတော့ နေအိမ်မှာပဲနေဖို့ ထုတ်ပြန်ချက်ကို သိမ်ပြီး တင်းကျပ်မှုမရှိတဲ့အချက်တွေနဲ့ ပြောင်းလဲအစားထိုး ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီထုတ်ပြန်ချက်ထဲမှာ ဖွင့်ခွင့်ပေးမယ့် စီးပွားရေးလုပ်ငန်းစာရင်းပါဝင်ပေမယ့် အွန်လိုင်းကနေမှာပြီး ကားနဲ့သွားယူရတဲ့ စနစ်မျိုးပဲဖြစ်ကြောင်း ဖော်ပြထားပါတယ်။

Source: VOA http://www.thithtoolwin.com/2020/04/covid-19_325.html

## အီတလီတွင် ကုန်ထုတ်လုပ်ငန်းများ မေလဆန်းပြန်စမည်

အီတလီနိုင်ငံမှာ ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေကို မေလ ၄ ရက်မှာ စတင်ဖွင့်လှစ်မှာဖြစ်ပြီး ကျောင်းတွေကိုတော့ စက်တင်ဘာလမှာ ပြန်ဖွင့်သွားမယ်လို့ ဝန်ကြီးချုပ် ဂူဆတ်ပီကွန်တီက ဧပြီ ၂၆ ရက်က လူတွေ့မေးမြန်းခန်းတခုမှာ ပြောကြားခဲ့ပါတယ်။

ဝန်ကြီးချုပ်က သူ့နိုင်ငံတွင်း အသွားအလာကန့်သတ်တဲ့ လော့ဒေါင်းပြုလုပ်ထားမှုကို တစိတ်တပိုင်း ပြန်ဖွင့်တဲ့ အနေနဲ့ ကုန်ထုတ်လုပ်ရေးလုပ်ငန်းတွေကနေ ဆောက်လုပ်ရေးလုပ်ငန်းတွေအထိ မေ ၄ ရက်ကစလို့ လုပ်ငန်းတွေ ပြန်စတင်ခွင့်ပြုမယ်ပြောပါတယ်။ ဒါနဲ့ပတ်သက်တဲ့ သတ်မှတ်ချက်တွေကိုတော့ လာမယ့်အပတ် နောက်ဆုံးထားပြီး ထုတ်ပြန်သွားမယ်လို့ ဆိုပါတယ်။

အီတလီဟာ ဥရောပမှာ ကိုရိုနာဗိုင်းရပ်စ်ဒဏ်ကို ပထမဆုံးအပြင်းအထန်ခံစားခဲ့ရတဲ့နိုင်ငံဖြစ်ပြီး မတ်လမှာ လော့ဒေါင်း ချခဲ့တဲ့ ပထမဆုံးနိုင်ငံလည်းဖြစ်ပါတယ်။ ဝန်ကြီးချုပ်ကွန်တီက ကျောင်းတွေကို စက်တင်ဘာလထဲမှာ ပြန်ဖွင့်မယ်ဆိုပေမယ့် လေ့လာချက်တွေအရ ကူးစက်နိုင်ခြေက မြင့်မားနေဆဲလို့ပြောပါတယ်။ ဒါ့အပြင် အွန်လိုင်းကနေသင်ကြားနေတဲ့ အဝေးသင် ပညာရေးဟာလည်း ကောင်းကောင်းမွန်မွန် လည်ပတ်နေတယ်လို့ ရိုက်တာသတင်းကရေးပါတယ်။

Source: **DVB**

https://news.ydnp.net/343472/

## COVID-19 ဖြစ်ပွားမှုနှင့် ကမ္ဘာ့ရေနံဈေးကွက်ပြိုလဲမှုတို့ကြောင့် ကိုရီးယားသမ္မတနိုင်ငံ၏ အဓိကစက်မှုကုန်ထုတ်လုပ်ငန်းများနှင့် ပို့ကုန်ကဏ္ဍကို ကြီးစွာထိခိုက်လာနိုင်ခြင်း

ကမ္ဘာ့ရေနံဈေးနှုန်းများကျဆင်းနေမှုကြောင့် ကိုရီးယားသမ္မတနိုင်ငံ၏ ပို့ကုန်ကဏ္ဍနှင့် အဓိကစက်မှုကုန်ထုတ်လုပ်ငန်း များသည် အခက်အခဲများ ပိုမိုကြုံတွေ့ဖွယ်ရှိကြောင်း ဈေးကွက် စောင့်ကြည့်သူများက သုံးသပ်လျက်ရှိကြပါသည်။ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှု၏ ရေနံဈေးကွက် အပေါ်ရိုက်ခတ်မှုများကြောင့် ဝယ်လိုအားမရှိဘဲ ရေနံထုတ်လုပ်မှုက ပိုမိုများပြားနေသဖြင့် သိုလှောင် ရန်နေရာလုံလောက်မှုမရှိခြင်းကြောင့် ၂၀-၄-၂၀၂၀ ရက်နေ့ နံနက်ပိုင်းတွင် အမေရိကန် ရေနံစိမ်း တစ်စည်လျှင် အမေရိကန်ဒေါ်လာ (၁၈) မှသည် (-၃၈) (အနုတ် ၃၈) သို့ နာရီပိုင်းအတွင်း ကျဆင်းခဲ့ ကြောင်း၊ ထို့နောက် နေ့လည်ပိုင်းတွင် အမေရိကန်ဒေါ်လာ (၁) အထက်သို့ အနည်းငယ်ပြန်လည် တိုးတက်လာခဲ့ကြောင်း ကမ္ဘာ့ရေနံသမိုင်းတွင် အဆိုးရွားဆုံးဈေးနှုန်းကျဆင်းမှုအဖြစ် လေ့လာ တွေ့ရှိရပါသည်။

ဤအဖြစ်အပျက်သည် ပို့ကုန်အပေါ်တွင် အဓိကရပ်တည်လျက်ရှိသော အာရှဒေသ၏ စတုတ္ထမြောက်စီးပွားရေးအင်အားကြီး နိုင်ငံဖြစ်သည့် တောင်ကိုရီးယားနိုင်ငံကို များစွာတုန်လှုပ်စေခဲ့ကြောင်း၊ ရေနံဈေးနှုန်းကျဆင်းခြင်းသည် အများအားဖြင့် ပို့ကုန် တန်ဖိုးကိုကျဆင်းစေသဖြင့် ပမာဏ အားဖြင့်လုံလောက်စွာ တင်ပို့နိုင်သည့်တိုင် ပို့ကုန်တန်ဖိုးကျဆင်းမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယား၏ ပို့ကုန်ကဏ္ဍသည် COVID-19 ၏ရိုက်ခတ်မှုကြောင့် ဧပြီလအတွင်း ပိုမိုကျဆင်းနိုင်ကြောင်း ကြိုတင် ခန့်မှန်းထားခဲ့ပြီးဖြစ်သော်လည်း ကမ္ဘာ့ရေနံဈေးကျဆင်းမှုပါ ထပ်မံတွေ့ကြုံလာရသည့်အခါ အနာဂတ်ပို့ကုန်ကဏ္ဍအရေးသည် ရင်လေးဖွယ်ဖြစ်ပါကြောင်း စီးပွားရေးပညာရှင်များက သုံးသပ်လျက်ရှိကြပါသည်။

တောင်ကိုရီးယား ထိပ်တန်းစွမ်းအင်ကုမ္ပဏီများဖြစ်သော SK Innovationနှင့် S-Oil တို့ သည်ပင်လျှင် ယခုကဲ့သို့ အခြေအနေမျိုးတွင်အထိနာနိုင်ပြီး၊ ယခုနှစ် ဒုတိယသုံးလပတ်ကာလထိတိုင် စီးပွားရေးအနုတ်ပြနိုင်ကြောင်း၊ ဆောက်လုပ်ရေး ကဏ္ဍအနေဖြင့် ကမ္ဘာ့ရေနံဈေးနှုန်းများ ကျဆင်း ခြင်းကြောင့် အရှေ့အလယ်ပိုင်းဒေသမှ ဆောက်လုပ်ရေးဆိုင်ရာ အမှာစာများကို ဆိုင်းငံ့နိုင်သဖြင့် ပို့ကုန်ပိုင်းတွင်ထိခိုက်လာနိုင်ပြီး ဒုတိယသုံးလပတ်အပြီးတွင် ပိုမိုကျဆင်းလာနိုင်ကြောင်း၊ အရှေ့ အလယ်ပိုင်း ဒေသသည် ပြည်ပဆောက်လုပ်ရေးစီမံကိန်းကြီးများရှိခြင်းကြောင့် တောင်ကိုရီးယား၏ ဆောက်လုပ်ရေးကဏ္ဍပို့ကုန်အတွက် အဓိကအားထားရသည့် ဈေးကွက်တစ်ခုဖြစ်ပြီး အရှိန်ရကာစ ပြုလာသည့် ဆောက်လုပ်ရေးပစ္စည်းတင်ပို့မှုဈေးကွက်သည် COVID-19 ဖြစ်ပွားမှုနှင့် ရေနံဈေးနှုန်း ကျဆင်းမှုတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ဒုတိယသုံးလပတ်အလွန်တွင် ကျဆင်းရန် အလားအလာများ ရှိနေကြောင်း၊ အလားတူ ကမ်းလွန်ရေနံတွင်းတူးရန်နှင့် သဘာဝဓါတ်ငွေ့သယ်ယူ ပို့ဆောင်ရေးများတွင်နှောင့်နှေးမှုများ ရှိလာနိုင်သဖြင့် သင်္ဘောတင်ပို့နိုင်မှုကဏ္ဍတွင်လည်း ကာတာနိုင်ငံနှင့် မိုဇမ်ဘစ်နိုင်ငံတို့မှ ဝယ်လိုအားများလျော့ကျသွားနိုင်ကြောင်း စီးပွားရေးရာလေ့လာဆန်းစစ်သူများက ခန့်မှန်းသုံးသပ်လျက်ရှိကြပါသည်။

Korea International Oil Corporation ၏ Opinet Website တွင်ဖော်ပြထားသော သဘာဝဓါတ်ငွေ့ဈေးနှုန်း သတင်းအချက်အလက်များအရ ၂၀-၄-၂၀၂၀ ရက်နေ့ နံနက်ပိုင်း ၉ နာရီ အချိန်တွင် (၁၁၁၃.၇ ဝမ်) (အမေရိကန်ဒေါ်လာ ၀.၉၅) ဖြစ်ကြောင်း၊ ယမန်နေ့ကထက် (၃.၆) ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းဈေးနှုန်းအောက် (၂၀) ရာခိုင်နှုန်း

ကျဆင်းလျက် ရှိကြောင်းသိရှိရပါသည်။ ယင်းအချက်ကိုကြည့်ခြင်းဖြင့် အနာဂတ်တွင်လည်းဆက်လက်ကျဆင်းမည့် အလားအလာများကို တွေ့မြင်ရလျက်ရှိပါသည်။

ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားမှုကြောင့် ကမ္ဘာ့နိုင်ငံအများစုမှ နိုင်ငံအဝင်/ အထွက် နယ်နိမိတ် ကန့်သတ်မှုများဆောင်ရွက်ကြရာ၊ ပို့ဆောင်ရေးကဏ္ဍရပ်ဆိုင်းမှုမှသည် ကုန်သွယ်မှုကဏ္ဍကို ထိခိုက် လာပြီဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁ ရက်နေ့ မှ ၂၀ ရက်နေ့အတွင်း တောင်ကိုရီးယား၏ ပို့ကုန်တင်ပို့နိုင်မှုသည် အမေရိကန်ဒေါ်လာ (၂၁.၇) ဘီလီယံဖြစ်၍ ယခင်နှစ်ကာလတူထက် (၂၇) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ (၂၅.၁) ဘီလီယံဖြစ်သဖြင့် ယခင်နှစ်ကာလတူထက် (၁၈.၆)ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း တောင်ကိုရီးယားနိုင်ငံ၊ အကောက်ခွန် ဝန်ဆောင်မှုဌာနမှထုတ်ပြန်သော ကုန်သွယ်မှုသတင်း အချက်အလက်များအရ သိရှိရပါသည်။

ထို့ပြင် နေ့စဉ်ပို့ကုန်တင်ပို့နိုင်မှု ပျမ်းမျှနှုန်းအနေဖြင့် ယခင်နှစ်ကာလတူထက် (၁၆.၈) ရာခိုင်နှုန်း ကျဆင်းလျက်ရှိကြောင်း၊ ကဏ္ဍအလိုက်အနေဖြင့် အဓိကပို့ကုန်ဖြစ်သော Memory Chips သည် (၁၄.၉) ရာခိုင်နှုန်း၊ ရေနံထွက်ပစ္စည်းများတင်ပို့နိုင်မှုတွင် (၅၃.၅) ရာခိုင်နှုန်း ၊ မော်တော်ယာဉ် များနှင့် မော်တော်ယာဉ်အပိုပစ္စည်းများတင်ပို့နိုင်မှုတို့တွင် (၂၈.၅) ရာခိုင်နှုန်းနှင့် (၄၉.၈) ရာခိုင်နှုန်း ဖြင့်အသီးသီးကျဆင်းခဲ့ပါကြောင်း၊ နိုင်ငံအလိုက်အနေဖြင့် အမေရိကန်နိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံတို့သို့တင်ပို့နိုင်မှုတွင် (၁၇) ရာခိုင်နှုန်းဝန်းကျင်ကျဆင်းခဲ့ကြောင်း၊ ထို့ပြင် European Union သို့ (၃၂.၆) ရာခိုင်နှုန်း၊ ဗီယက်နမ်နိုင်ငံသို့ (၃၉.၅) ရာခိုင်နှုန်းအသီးသီးကျဆင်းခဲ့ကြောင်း သိရှိရပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ပို့ကုန်သည် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် ယခင်နှစ်ကာလတူထက် (၀.၂) ရာခိုင်နှုန်းသာ လျော့နည်းခဲ့သော်လည်း၊ ယခုဧပြီလတွင် လွန်စွာကျဆင်းလျက်ရှိကြောင်း၊ ယခုနှစ်သည် ၁၉၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးကျဆင်းမှုပြီးသည့်နောက် အဆိုးရွားဆုံးနှစ်ဖြစ်သဖြင့် ကမ္ဘာ့စီးပွားရေးသည် (၃) ရာခိုင်နှုန်း ကျဆင်းနိုင်ပြီး၊ တောင်ကိုရီးယား ၏ စီးပွားရေး တိုးတက်မှုနှုန်းသည် (၁.၂) ရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟု အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund–IMF)က ခန့်မှန်းထားပါသည်။ တောင်ကိုရီးယား၏ စီးပွားရေးတိုးတက်မှုနှုန်းသည် ၂၀၁၉ ခုနှစ်တွင် (၂) ရာခိုင်နှုန်းရှိခဲ့သဖြင့် ယခုနှစ်တွင် (၁) ရာခိုင်နှုန်းအောက်သို့ပင် ရောက်နိုင်သည့်အနေအထားဖြစ်ပါသည်။

သို့ပါ၍ ကမ္ဘာ့ကပ်ရောဂါ COVID–19 ဖြစ်ပွားမှုနှင့် ရေနံသမိုင်းတစ်လျှောက် အဆိုးရွားဆုံးသော ကမ္ဘာ့ရေနံ ဈေးကွက်ပြိုလဲမှု ဆိုင်ရာအခြေအနေများကြောင့် တောင်ကိုရီးယား၏ အဓိကစက်မှုကုန်ထုတ်လုပ်ငန်းများနှင့်ပို့ကုန်ကဏ္ဍကို ကြီးစွာထိခိုက်နိုင် လာမည်ဖြစ်ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဆိုးလ်မြို့**

## စီးပွားရေးလှုံ့ဆော်မှုအစီအမံများ မကြာမီပေးအပ်မည်ဖြစ်ကြောင်း အိန္ဒိယဘဏ္ဍာရေးဝန်ကြီးက ပြောကြားခြင်း

၁၇.၄.၂၀၂၀ နေ့၌ Video Conference စနစ်ဖြင့်ကျင်းပသည့် ကမ္ဘာ့ဘဏ်အဖွဲ့ (World Bank) ဖွံ့ဖြိုးတိုးတက်မှု ကော်မတီသဘာပတိအဖွဲ့၏ ၁၀၁ ကြိမ်မြောက် အစည်းအဝေးသို့ ပါဝင်တက်ရောက်ရာတွင် အိန္ဒိယဘဏ္ဍာရေးဝန်ကြီး Ms. Nirmala Sitharaman က အိန္ဒိယနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်မှု အကျပ်အတည်းနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းများနှင့် ဆင်းရဲနွမ်းပါးသူ အခြေခံလူတန်းစားများအား ထပ်မံကူညီပံ့ပိုးမည့် စီးပွားရေး လှုံ့ဆော်မှုအစီအမံ (Economic Stimulus Packages) များကို မကြာမီကာလအတွင်း အစိုးရမှထောက်ပံ့ပေးအပ်သွားမည် ဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။

အဆိုပါအစည်းအဝေး၌ Ms. Nirmala Sitharaman က မတ်လအတွင်း အိန္ဒိယအစိုးရမှ အခြေခံလူတန်းစားများ၊ အလုပ်သမားများနှင့် ကျန်းမာရေးစောင့်ရှောက်သည့်ဝန်ထမ်းများသို့ ဒေါ်လာငွေ ၂၃ ဘီလီယံ (ရူပီးငွေ ၁.၇ ထရီလီယံ) ကျခံသုံးစွဲလျက် အထောက်အပံ့ပေးအပ်ခဲ့မှု အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြခဲ့ပြီး COVID–19 ဗိုင်းရပ်စ် ကူးစက်ခံရသူ လူနာများအားကုသမှုပြုရန် အရေးပေါ်ဆေးဝါးများလိုအပ်လျက်ရှိသည့် ကမ္ဘာ့နိုင်ငံများသို့ လိုအပ်သောဆေးဝါး များ ထောက်ပံ့ပေးမှုကို အိန္ဒိယနိုင်ငံက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

သတင်းဌာနများမှဖော်ပြချက်အရ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ ဘဏ္ဍာရေးဝန်ကြီးနှင့် သက်ဆိုင်ရာဌာနများမှ အဆင့်မြင့်

အရာရှိများသည် စီးပွားရေးလှုံ့ဆော်မှု အစီအမံများအား အပြီးသတ်ညှိနှိုင်းထုတ်ပြန်နိုင်ရေးအတွက် ၁၆.၄.၂၀၂၀ တွင် ဆွေးနွေးခဲ့ကြကြောင်း၊ အမည်ဖော်ပြခြင်းမရှိသော အရာရှိအချို့၏ပြောကြားချက်အား ကိုးကားလျက် အစိုးရအနေဖြင့် အခြားနိုင်ငံများကဲ့သို့ Stimulus Package အား တစ်လုံးတစ်ခဲတည်းဖြင့် ပမာဏကြီးမားစွာ ထောက်ပံ့ပေးခြင်းထက် လုပ်ငန်းနယ်ပယ်ခွဲခြားလျက် အဆင့်အလိုက် ပံ့ပိုးမှုပြုမည့် အနေအထားရှိကြောင်း၊ နောက်လာ မည့် ထောက်ပံ့မှုအစီအမံသည် အသွားအလာကန့်သတ်မှု စတင်လုပ်ဆောင်ခဲ့သည့် မတ်လအတွင်း၌ ပထမဆုံးအကြိမ်အဖြစ် အခြေခံလူတန်းစားများအား ပံ့ပိုးမှုပေးသော ပမာဏ (GDP ၏ ၀.၈%) ခန့်သာရှိနိုင်ပြီး MSMEs လုပ်ငန်းများအား ဦးစားပေးမည့်အခြေအနေရှိကြောင်း၊ Lock-down ပြီးဆုံးသည့်နောက်ပိုင်းမှသာ ပမာဏများပြားသည့် စီးပွားရေးလှုံ့ဆော်မှု Stimulus Package များကို ဆောင်ရွက်ဖွယ်ရှိကြောင်း သိရှိရသည်။

လက်ရှိကာလတွင် အိန္ဒိယနိုင်ငံရှိ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများက ဝင်ငွေခွန်နှင့်ကုန်စည်နှင့် ဝန်ဆောင်မှုအခွန်များ ပြန်လည်ထုတ်ပေးမှုကို ဆောလျင်စွာ ဆောင်ရွက်ပေးရန်နှင့် ပြည်တွင်းလုပ်ငန်းရှင်များကို အကာအကွယ်ပေးရန်အတွက် ပြည်ပမှ ဈေးနှုန်းသက်သာစွာဖြင့် တင်သွင်းလာသည့်ကုန်စည်များအပေါ် ထပ်ဆောင်းအခွန်များ ချမှတ်ကောက်ခံရန် တောင်းဆိုလျက်ရှိသည်။ Assocham နှင့် FICCI တို့ကဲ့သို့သော ကုန်သည်အသင်းအဖွဲ့ကြီး များကမူ Stimulus Package အား ရူပီးငွေ ၉ ထရီလီယံမှ ၂၃ ထရီလီယံအထိ ထောက်ပံ့ပေးရန် အစိုးရအား တွန်းအားပေးလျက်ရှိသည်။ ၁၁.၄.၂၀၂၀ နေ့၌ အိန္ဒိယနိုင်ငံဝန်ကြီးချုပ် နာရင်ဒရာ မိုဒီနှင့် Video Conferencing ဆွေးနွေးပွဲပြုလုပ်ရာတွင် ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များကလည်း ဗဟိုအစိုးရမှ ပြည်နယ်များသို့ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့များတိုးမြှင့်ချထားပေးရန် တိုက်တွန်းပြောဆိုခဲ့ကြသည်။ ယခင်က အစိုးရ၏ မူဝါဒရေးရာကောင်စီ (NITI Aayog) တွင် ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော စီးပွားရေးပညာရှင် Mr. Arvind Panagariya ကမူ အိန္ဒိယအစိုးရအနေဖြင့် Stimulus Package ပမာဏကြီးမားစွာ ထောက်ပံ့ပေးရန် တောင်းဆိုမှုများအား ငြင်းပယ်လျက် အခြေခံလုပ်ငန်းလိုအပ်ချက် များအပေါ်တွင်သာ စီစစ်ပံ့ပိုးမှုပြုသည့် Measured Approach ကို ကျင့်သုံးသင့်ကြောင်း အကြံပြုပြောကြားထားပါသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အကျပ်အတည်းနှင့် စီးပွားရေးနှေးကွေး ကျဆင်းလျက်ရှိသည့် အခြေအနေတွင် အိန္ဒိယအစိုးရအနေဖြင့် အခွန်အရပ်ရပ် ပြည့်ဝစွာကောက်ခံရရှိနိုင်မှုမှာ မရေရာ မသေချာသည့် အနေအထားရှိပြီး အခြားတစ်ဖက်တွင်လည်း ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရများ အကြား ဘဏ္ဍာငွေခွဲဝေစီမံမှုနှင့် ဘဏ္ဍာရေးလုပ်ငန်းဆိုင်ရာများ တာဝန်ယူဆောင်ရွက်မှု အက် ဥပဒေ (Fiscal Responsibility and Budget Management Act) အား ဖြေလျှော့မှုများပြုလုပ်ရန် ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်သည်။ သို့ဖြစ်ရာ အိန္ဒိယအစိုးရသည် ဧပြီလ ၂၀ ရက်နေ့နောက်ပိုင်း COVID-19 ဗိုင်းရပ်စ်ကူးစက်မှု နည်းပါးပြီး ထိန်းချုပ်ဆောင်ရွက်နိုင်မှုရှိသည့် နယ်မြေဒေသများ၌ အရေးကြီးသော လုပ်ငန်းကဏ္ဍများအား ပြန်လည်လုပ်ကိုင် ခွင့်ပြုချိန်တွင် အဆိုပါ အဆင့်အလိုက် စီးပွားရေးလှုံ့ဆော်မှု အစီအမံများအား ထုတ်ပြန်ကြေညာလျက် ဆောင်ရွက်သွားဖွယ် ရှိကြောင်း သုံးသပ်ရပါသည်။

**Source:**
1. Government set to announce stimulus package soon, 17 Apr 2020, Live Mint
2. Stimulus 2.0 ready as PM Modi, FM Sitharaman hold meeting, 17 Apr 2020, Business Standard
3. Govt to provide additional relief, economic stimulus soon, 18 Apr 2020, Business Standard
4. India should take 'measured approach' with stimulus packages to deal with COVID-19, 19 Apr 2020, Economic Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ Lockdowns များကြောင့် ဥရောပ၏ ကားရောင်းချမှု ၅၅ ရာခိုင်နှုန်းကျဆင်း

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ကူးစက်ပျံ့နှံ့နေမှုကို ထိန်းချုပ်နိုင်ရေး ဥရောပနိုင်ငံအများစုတွင် အသွားအလာကန့်သတ်မှု (lockdowns) များ ဆောင်ရွက်ခဲ့ရခြင်းကြောင့် ပြီးခဲ့သည့်လအတွင်း ဥရောပ၏ မော်တော်ယာဉ်ရောင်းချမှုတွင် (၅၅) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပြီးခဲ့သည့်လအတွင်း မှတ်ပုံတင်လုပ်ငန်းဆောင်ရွက်သည့် ကားအသစ်များအရေအတွက်

(၅၆၇၃၀၈) စီးရှိခဲ့သဖြင့်  ယခင်နှစ် အလားတူကာလအတွင်း ရောင်းချခဲ့သည့်အရေအတွက် (၁.၂) သန်းနှင့်နှိုင်းယှဉ်ပါက ကျဆင်းခဲ့ခြင်းဖြစ်သည်ဟု ဥရောပမော်တော်ယာဉ်ထုတ်လုပ်သူများအသင်း European Automobile Manufacturers Association (ACEA) ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်၊ မတ်လအတွင်း၌ အီးယူအဖွဲ့ဝင်နိုင်ငံများအားလုံး၏ ဈေးကွက်များတွင် ကျဆင်းခဲ့ခြင်းဖြစ်ပြီး၊ အီတလီနိုင်ငံတွင် အရောင်းကျဆင်းမှု အကြီးမားဆုံးဖြစ်ပေါ်ခဲ့ကြောင်း၊ အီတလီတွင် မော်တော်ယာဉ်အသစ်များ မှတ်ပုံတင်သည့်စီးရေ (၂၈၃၂၆) ရှိခဲ့ပြီး (၈၅.၄) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ ပြင်သစ်နိုင်ငံတွင်လည်း ရောင်းအားသိသိသာသာ ကျဆင်းခဲ့ပြီး (၇၂.၂) ရာခိုင်နှုန်း၊ စပိန်နိုင်ငံတွင်မော်တော်ယာဉ်ရောင်းအား ကျဆင်းမှု (၆၉.၃) ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ဂျာမနီနိုင်ငံတွင် (၃၇.၇) ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း အဆိုပါအသင်းက ပြောကြားထားပါသည်။

၂၀၂၀ ပြည့်နှစ်၏ ပထမသုံးလတာကာလတွင် မော်တော်ယာဉ်ရောင်းချရမှု အရေအတွက် (၂.၄၈) သန်းရှိခဲ့ပြီး ရောင်းချရမှုတွင် (၂၅.၆) ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း၊ မော်တော်ယာဉ် ထုတ်လုပ်သည့် လုပ်ငန်းများအားလုံးထိခိုက်မှုရှိခဲ့ပြီး၊ Fiat Chrysler မော်တော်ကားထုတ်လုပ်ရေး ကုမ္ပဏီအနေဖြင့် ယင်း၏ ပြည်တွင်းဈေးကွက်ဖြစ်သည့် အီတလီနိုင်ငံ ဈေးကွက်အပေါ် အလွန်အမင်းမှီခိုရမှုကြောင့် (၇၆.၆) ရာခိုင်နှုန်းဖြင့် အဆိုးရွားဆုံးကျဆင်းမှုရှိခဲ့ကြောင်း၊ ဗောက်စ်ဝက်ဂွန် မော်တော်ကားထုတ်လုပ်ရေးကုမ္ပဏီသည် ဥရောပတွင် ရောင်းအားအကောင်းဆုံးကုမ္ပဏီအဖြစ် ဆက်လက်ရပ်တည်နေဆဲ ဖြစ်ကြောင်းနှင့် ယခုနှစ်၏ ပထမသုံးလပတ်ကာလတွင် ရောင်းချရမှု စီးရေ (၆၆၀၀၀၀) ကျော်ဖြင့် ယင်း၏ ဈေးကွက်ဝေစုတွင် (၂၆.၆) ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ကြောင်း သိရှိရပါသည်။

**Source:** http://today.rtl.lu/news

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (27.4.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 27th Apr. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | -100 | -1.00% | 10,000 | 10,500 | 9,800 | 1,177 | 11,668,100 | 27,112,747 | 268,416 |
| MTSH | 00002 | 3,550 | -50 | -1.39% | 3,600 | 3,600 | 3,550 | 6,177 | 21,976,800 | 38,929,150 | 138,198 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 4 | 33,200 | 10,400,986 | 86,328 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 209 | 4,493,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,700 | 2,800 | 2,650 | 114 | 307,450 | 12,823,224 | 35,905 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 425.03 | -3.40 | -0.79% | 427.49 | 435.50 | 423.06 | 7,681 | 38,479,050 | 5 | 581,996 |

**Index chart**




# Market Overview

As of 10:00 am, 27th Apr. 2020

| MYANPIX | 427.49 |
|---|---|
| | ▼ 0.94 |
| Total Volume (shares) | 1,300 |
| Total Value (MMK) | 6 mil |
| Listed Company | 5 |
| Market Cap. (MMK) | 585,372 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▲ 0 |
| MTSH | 00002 | 3,600 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 100 |